အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်း

# မာတိကာ

၁။ ဦးသိမ်းဆွေ - ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စား လှယ်

၂။ ဒေါက်တာဝင်းမြတ်အေး ( လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ) - ငြိမ်းချမ်းရေးညီလာခံ၏ မူဝါဒဆိုင်ရာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

၃။ ဒေါက်တာတင်မျိုးဝင်း - အစိုးရကိုယ်စားလှယ်

၄။ ဦးပြုံးချို - NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၅။ ဒေါ်နန်းသန်းသန်းလွင် - ကရင်ပြည်နယ် ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၆။ ဦးနိုင်ငံလင်း - အစိုးရကိုယ်စားလှယ်

3/9/2016

မင်္ဂလာပါခင်ဗျာ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံကိုတက်ရောက်လာကြတဲ့ သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ နယ်ပယ်အသီးသီးက ခေါင်းဆောင်ကြီးများ၊ ကဏ္ဍအသီးသီးမှာ အားဖြည့်လုပ်ဆောင်နေကြတဲ့ ပုဂ္ဂိုလ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း တို့နဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ဖျာပုံမြို့နယ်နဲ့ဒေးဒရဲမြို့နယ်ကို ကိုယ်စားပြုတဲ့ ဧရာဝတီတိုင်း ဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ရှုထောင့်ကနေ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ကိုယ်စားလှယ်တွေ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြည်သူလူထုနဲ့ ထိတွေ့၊ ဟောပြော၊ ဆွေးနွေးကြတဲ့အခါ အမျိုးသားရင်ကြားစေ့ရေးမှုကို တစိုက်မတ်မတ် ကိုင်စွဲသွားမယ်လို့ကြေငြာပြီးမှ ပြည်သူလူထုထံကနေ ထောက်ခံမဲတွေ ရယူထားတာ ဖြစ်ပါတယ်။ ဒီအတွက် လွှတ်တော်ထဲမှာ ဘယ်လိုအခက်အခဲ၊ အတားအဆီးတွေရှိနေပါစေ ပြည်သူလူထုလိုလား တောင့်တမှုတွေအတွက် အစဉ်အမြဲ ကြိုးစားနေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကလဲ ဒီရည်ရွယ်ချက်တွေနဲ့ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်တဲ့အတွက် နှစ်ထောင်းအားရ ဖြစ်မိပါတယ်၊ ကြိုလဲ ကြိုဆိုပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူကို ကတိပြုထားတဲ့အတိုင်း တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် -

၁။ တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ဦးတည်ဆောင်ရွက်မည်။

၂။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ အရင်းအမြစ်များကိုဖယ်ရှားရန်၊ အာယာတကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကိုအခြေခံသောနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှ တဆင့် ပြည်သူ့ဘဝ လုံခြုံ ၊အေးချမ်းစေမည်။

၃။ လွတ်လပ်ခြင်း၊ တူညီသော အခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိခြင်း တို့နှင့် ပြည့်စုံသောစစ်မှန်သည့် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်မည်။

၄။ ပြည်ထောင်စုဝင် ပြည်နယ် နှင့်တိုင်းဒေသကြီးအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ပွင့်လင်းမြင်သာသော စီမံချက်များ ချမှတ်ဆောင်ရွက်မယ်။

၅။ သဘာဝအရင်းအမြစ်များ ထုတ်ယူရာမှ ရရှိလာသည့် အကျိုးအမြတ်များကို ဖယ်ဒရယ်ပြည်ထောင်စုမူနှင့်အညီ ဒေသအလိုက်မျှတစွာ ခွဲဝေခံစားခွင့် ရရှိစေရမည်။

၆။ တိုင်းရင်းသားများသည် အချင်းချင်းအကြားဖြစ်ပေါ်သောပြသနာများကို အပြန်အလှန်လေးစားမှုဖြင့် စားပွဲဝိုင်းဖြေရှင်းနည်းဖြင့် ဖြေရှင်းမည်။

ဆိုတဲ့ ပြည်သူတွေလိုလားတောင့်တတဲ့၊ ဖြစ်စေချင်တဲ့ မူတွေနဲ့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

အစိုးရသစ်အနေနဲ့လဲ ဒီရည်ရွယ်ချက်၊ မူဝါဒတွေ အကောင်အထည်ဖော်နိုင်ဖို့ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေတာကို လက်ရှိကာလ အချိန်တိုအတွင်းမှာပဲ တွေ့မြင်နေကြရပြီ ဖြစ်ပါတယ်။ ဒီကနေ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံဟာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှု ဖြစ်ပါတယ်။ ဒီအတွက် ပြည်ထောင်စုလွှတ်တော်ကြီးက ဂမ်းမြောက်ဂမ်းသာ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားချက်တွေထဲကနေ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာလက်တွဲနေနိုင်ရေးအတွက်

၁။ အခြေခံ လူ့အခွင့်အရေး၊ဒီမိုကရေစီ စံနှုန်းများနှင့် ညီညွတ်စေဖို့

၂။ စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ဖို့

၃။ အပြန်အလှန်ထိန်းကျောင်းနိုင်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့်
တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီး သုံးရပ်အား တစ်ဖက်စောင်းနင်းမဖြစ်စေဖို့

၄။ နိုင်ငံသားများ၏ တန်းတူညီမျှမှုအခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့
ဥပဒေပြုတဲ့မဏ္ဍိုင်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေအနေနဲ့ ကြိုးစား
ဆောင်ရွက်နေကြတယ်ဆိုတာကိုလဲ တက်ရောက်လာကြတဲ့ နယ်ပယ်အသီးသီးက
ခေါင်းဆောင်ကြီးများနဲ့ ပြည်သူလူထုကို အသိပေးလိုပါတယ်။

ခေတ်စနစ်အခြေအနေ အချိန်ကာလနဲ့ လျော်ညီတဲ့ တိုင်းရင်းသား း
ပြည်သူ တစ်ရပ်လုံးရဲ့ နှလုံးစိတ်ဝမ်းလုံခြုံစွာ လက်တွဲနေထိုင်နိုင်ရေး
ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားများ၏အခွင့်အရေးများကို အာမခံနိုင်ရေးနှင့်
ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ဖို့အတွက် ဒီကနေ့အခင်းအကျင်း
၂၁ ရာစု ပင်လုံဟာ အင်မတန်အရေးကြီးပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့
တိုင်းရင်းသားများ အားလုံးရဲ့ မျှော်လင့်ချက်လဲ ဖြစ်ပါတယ်။
ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံတွေနဲ့ရင်ဘောင်တန်းနိုင်ဖို့အတွက် ကလေးငယ်တွေရဲ့
အနာဂါတ်နိုင်ငံတော်မှာ လူ့အခွင့်အရေးပြည့်ဝတဲ့ တရားဥပဒေစိုးမိုးမှုအားကောင်းတဲ့
ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်အဖြစ်မြင်လိုကြတယ်ဆိုရင် ဒီကနေ့ကျင်းပနေတဲ့
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှာ ပုဂ္ဂိုလ်တစ်ဦးချင်း၊
အဖွဲ့အစည်းတစ်ခုချင်းဟာ မိမိတို့ရဲ့ အတ္တတွေ၊တရားသေကိုင်စွဲထားတဲ့ မူဝါဒတွေ၊
ကိုယ်ကျိုးစီးပွားတွေကို ဒီအချိန်မှာတင်းတင်းဆုပ်ထားဖို့ မဖြစ်သင့်တော့ပါဘူး။
တိုင်းပြည်အကျိုးစီးပွား၊ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက်
ပြေလျော့သင့်ကြပြီလို့ တင်ပြလိုပါတယ်။ ပြည်သူ၊ ပြည်သားတွေရဲ့ ဒုက္ခတွေကို
ကယ်တင်ပေးကြပါ။ စစ်ဒါဏ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရတဲ့ပြည်သူ၊
ပြည်သားတွေ၊ အပြစ်မဲ့တဲ့ကလေးတွေရဲ့ သနားစရာဘဝတွေကိုစာနာပြီး
စစ်ဘေးစစ်ဒဏ်သင့်နေတဲ့ နေရပ်က ပြည်သူ၊ ပြည်သားတွေရဲ့ မျက်ရည်တွေကို
သုတ်ပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

စစ်ပွဲတွေကြောင့် စီးပွားရေး အကြပ်အတည်းဒဏ်ကို အလူးလူး အလိမ့်လိမ့်
ခံခဲ့ရတဲ့နိုင်ငံတော်သူ၊ နိုင်ငံတော်သားတွေရဲ့ဘဝတွေကို ငဲ့ညှာပေးကြပါ။
ညီညီညွတ်ညွတ်နဲ့ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စုကြီးကို အပေးအယူမျှမျှတတ၊
ညှိနှိုင်းတိုင်ပင်ကြပြီး တိုင်းပြည်အကျိုးအတွက် စိတ်စေတနာမှန်ကန်စွာနဲ့

ကာလပေါင်းစုံက ခေါင်းဆောင်ကြီးတွေ ညဏ်အမျှော်အမြင်ရှိရှိနဲ့ ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား -

ဆက်လက်ပြီးတင်ပြလိုတာကတော့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA – Nationwide Ceasefire Aggrement)ကိစ္စဘဲ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကြား (၂၀၁၅)ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြတာဖြစ်ပါတယ်။ ဒီသဘောတူစာချုပ်ကို (၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ဒုတိယမနေ့မှာ (NCA)စာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံဖွင့်ပွဲနေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားခဲ့ရာမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ဆိုတာ၊ ငြိမ်းချမ်းရေးအတွက်သာမကဘဲ ကျမတို့အားလုံး ရည်ကြာစွာ မျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်ပါတယ်လို့ မိန့်ကြားခဲ့ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း "ယခုပြန်လည်ကျင်းပတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံနဲ့ ဆက်လက်ကျင်းပမည့် အစည်းအဝေးများမှာလည်း ဒီNCA ကိုဘဲ အခြေခံမှုအဖြစ် ဆက်လက်ထားရှိ ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။

ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ၊ စောမူတူးစေးဖိုးက NCA ဟာ ပြီးပြည့်စုံတဲ့ စာချုပ်တစ်ခုမဟုတ်ပေမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ရောက်ရှိဖို့ ထိုးလိုက်တဲ့ တံခါးတစ်စင်းဖြစ်တယ်လို့လဲ ယုံကြည်ပါတယ်ဟု ပြောကြားခဲ့ပါတယ်။

ဖက်ဒရယ်စနစ်ကို ခွဲထွက်ရေးလို့ ယုံမှားသံသယရှိနေကြသူတွေအတွက် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC ဥက္ကဋ္ဌနှင့် ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ KIO ဒုတိယဥက္ကဋ္ဌက "ကျနော်တို့ပြောတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဟာ ခွဲထွက်ရေးမဟုတ်ဘူးဆိုတာကို ပြောလိုတယ်လို့ အတိအလင်းပြောကြားခဲ့ပါတယ်။

ခေါင်းဆောင်ကြီးတွေရဲ့ မိန့်ကြားချက်တွေဟာ အပြုသဘောဆောင်ပြီး နိုင်ငံသူ/နိုင်ငံသားတွေအကျိုးအတွက် ဆွေးနွေးသွားခဲ့တာကို နားထောင်လိုက်ရပါတယ်။ ဒီမိန့်ခွန်းတွေဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသားညီညွတ်မှု တည်ဆောက်ရေးအတွက် အင်မတန်ကြီးမားတဲ့ တွန်းအားတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒီနေရာမှာ အထူးသတိထားမိတာက ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် NCA ဟာ ဆုံချက်ဖြစ်နေပါတယ်။ ဒီဆုံချက်ဟာ ပြဿနာအားလုံးကို တစ်ထိုင်တည်းဖြေရှင်းနိုင်မှာမဟုတ်ပေမယ့် ပြဿနာတွေကို စားပွဲဝိုင်းမှာဖြေရှင်းနိုင်ဖို့ အခင်းအကျင်းများကို တည်ဆောက်ပေးထားပါတယ်။

NCA စာချုပ်မှာပါတဲ့ အချက်တွေထဲက အခန်း(၅)၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ ခေါင်းစဉ်အောက်မှာ - "ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးသူများသည် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးစတင်ရန် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နောက် စာချုပ်ပါ အခြေခံမူများ၊ အချက်အလက်များနှင့် ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်"ဟု ပါဝင်ပါသည်။

ဒီစာချုပ်ပါ အချက်အလက်တွေကို လက်မှတ်ရေးထိုးထားကြတဲ့ ပုဂ္ဂိုလ်တွေအားလုံး လေးစားလိုက်နာကြမယ်ဆိုရင် စစ်ပွဲတွေရပ်ဆိုင်းနိုင်ပြီး၊ စားပွဲဝိုင်းမှာဆွေးနွေးတဲ့ ယဉ်ကျေးမှုအားကောင်းလာပြီး တိုင်တိုင်ပင်ပင်၊ ညှိညှိနှိုင်းနှိုင်းနဲ့ နိုင်ငံတော်သူ/နိုင်ငံတော်သားတွေ အကျိုးစီးပွားအတွက် အဖြေကောင်းတွေ အနေးအမြန် ရရှိလာမယ်လို့ ယုံကြည်ပါတယ်။

ဒီ့အတွက် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် NCA ကို ပြည်ထောင်စုလွှတ်တော်ကြီးက ထောက်ခံအတည်ပြုပေးလိုက်တာဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စား အာမခံပေးလိုက်တာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာ အင်းအားစုအားလုံးအနေနဲ့ NCA မှာ အားနည်းချက်တွေ၊ လိုအပ်ချက်တွေ ရှိတယ်လို့ ထင်မြင်ယူဆရင်လည်း ဆွေးနွေးညှိနှိုင်းပြီး တိုင်းပြည်အတွက် အဖြေကောင်းရရှိဖို့ ဝိုင်းဝန်းကြိုးပမ်းပေးကြဖို့ တိုက်တွန်းလိုပါတယ်။

ထပ်မံပြီး ဖြည့်စွက်ဆွေးနွေးလိုတာကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ လွှတ်တော်ရဲ့ အခန်းကဏ္ဍဘဲ ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က စတင်ခဲ့တဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး လွှတ်တော်အနေနဲ့ ပါဝင်ပတ်သက်မှု အသိုက်အလျောက်ရှိခဲ့ပေမယ့် ပြည်ထောင်စုလွှတ်တော်ကြီးတစ်ခုလုံးမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သိရှိနိုင်မှုနည်းပါးခဲ့ပါတယ်။ ယခုအစိုးရသစ် လက်ထက်မှာတော့ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လွှတ်တော်ရဲ့အခန်းကဏ္ဍဟာ ပိုမို နီးကပ်စွာ ရှိလာတာကို တွေ့ရပါတယ်။ သို့သော် - ပြည်သူများက ရွေးခြယ် တင်မြှောက်လိုက်တဲ့၊ ပြည်သူကို ကိုယ်စားပြုတဲ့လွှတ်တော်အနေနဲ့ ယခု ညီလာခံ ကြီးမှာ ထည့်သွင်းစဉ်းစားနိုင်စေရန် တင်ပြလိုတဲ့အချက်လေးတွေ ရှိပါတယ်။

အဲဒါတွေကတော့ -

(၁) အစုအဖွဲ့ (၃)ဖွဲ့ဖြင့် စုစည်းဖွဲ့စည်းထားတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးပူးပေါင်းကော်မတီ (UPDJC)၏ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့တွင် လွှတ်တော်ကိုယ်စားပြု အတွင်းရေးမှူးအဖွဲ့ဝင်တစ်ဦး ထားရှိရန်

(၂) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ (၂၁)ရာစု ပင်လုံ၊ ပထမအကြိမ် အစည်းအဝေးပွဲကြီးအပြီး ဆက်လက်လုပ်ဆောင်သွားမည့် နိုင်ငံရေး ဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ရမည့် အခန်းကဏ္ဍ - တို့ ဖြစ်ကြပါတယ်။

ညီလာခံကြီးကို ရှင်းလင်းတင်ပြရမည်ဆိုလျှင် - ပထမအချက်အနေနှင့် UPDJC ၏ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ပါဝင်သော (၃)စုပါ အစုအဖွဲ့တွင် အတွင်းရေးမှူး အဖွဲ့၌ လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးပါဝင်ရန်တင်ပြခြင်းမှာ ငြိမ်းချမ်း ရေးဖြစ်စဉ်ကြီးမှာ ပြည်သူကရွေးခြယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နီးကပ်စွာ ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက် နိုင်ရန်ဖြစ်ပါတယ်။ သို့မှသာ ဒုတိယအချက်ဖြစ်သော (၂၁)ရာစု ပင်လုံ၊ ပထမအကြိမ် အစည်းအဝေးကြီးအပြီးမှာ ဆက်လက်ဆောင်ရွက်မည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲတွေ၊ လူမျိုးအလိုက်/ ဒေသအလိုက်/ အကြောင်းအရာအလိုက် ဆက်လက်ဆွေးနွေးကြမည်ဖြစ်သော အမျိုးသားအဆင့်ဆွေးနွေးပွဲတွေမှာ ပါဝင်

လက်တွဲဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ သို့မှသာ - ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီး၊ (၂၁)ရာစုပင်လုံညီလာခံကြီးရဲ့ ဆွေးနွေးပွဲအဆင့်ဆင့်များမှတဆင့် ရရှိလာသော ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီချက် (Union Accord)ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုရာတွင် ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

နောက်ဆုံးတင်ပြလိုတာကတော့ ယခုကျင်းပနေတဲ့ (၂၁)ရာစုပင်လုံပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးအပြီး ထွက်ပေါ်လာမယ့် ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို ပြည်ထောင်စုလွှတ်တော်ကြီးမှ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးများက မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်မျှော် ကြိုဆိုလျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်.....

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တွင်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြောကြားမည့်

## **ငြိမ်းချမ်းရေးညီလာခံ၏ မူဝါဒဆိုင်ရာများ**

ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စရပ်များ

၁-၉-၂၀၁၆

ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားများစုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထု၏ ဘဝများ လွတ်လပ်လုံခြုံမှု နည်းပါးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းတို့နဲ့ ကြုံတွေ့နေရတယ်။ ကျွန်တော်တို့ အစိုးရအနေဖြင့် လက်ရှိအချိန်မှာပြည်သူ့အစိုးရ၊စစ်မှန်သောဒီမိုကရေစီအစိုးရအဖြစ်ပြည်သူ့ဆန္ဒအမှန်ဖြစ်သောပြည်ထောင်စု ငြိမ်းချမ်းရေးရရှိပြီး ပြည်သူလူထု လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ပေးရန် တာဝန်ရှိပါတယ်။

နိုင်ငံရဲ့ လက်ရှိဖွံ့ဖြိုးမှု နောက်ကျပြီး ပြည်သူလူထုအများစု လူမှုဘဝအဆင့်အတန်း နိမ့်ကျနေရခြင်း၏အကြောင်းရင်းမှာ ပြည်တွင်းစည်းလုံးညီညွတ်မှု လိုအပ်ခြင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်စဉ်များကြောင့် ငြိမ်းချမ်းမှုမရရှိခြင်းနှင့် ပြည်သူလူထုကို အဆးလုံးတန်းတူညီမျှ တရားမျှတစွာ အကာအကွယ်ပေးမည့် အုပ်ချုပ်မှုစနစ် ပိုမိုကောင်းမွန်မှု လိုအပ်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ဤ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ ဖြစ်စဉ်များကြောင့် ပြည်သူအများစုအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဖက်ဖက်က နိမ့်ကျလျက်ရှိခြင်းများကို ရင်ဆိုင်နေရခြင်းဖြစ်ရာ အမျိုးသား ပြန်လည် သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန်မှာ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုအဟန့်အတားဖြစ်စေတဲ့ ဘေး အန္တရာယ်များ၊ သဘာဝဘေးနှင့် လူကြောင့်ဖြစ်တဲ့ ဘေးအပေါင်းကို လျှော့ချနိုင်ရေး လုပ်ငန်းစဉ်များ ပါဝင်ပါတယ်။ ဒီလုပ်ငန်းများဟာ ငြိမ်းချမ်းရေးနှင့် ဆက်စပ်နေပါတယ်။

တိုက်ပွဲရှောင်စခန်းများရှိပြည်သူများ၏ဒုက္ခများ၊တိုက်ပွဲများနှင့် မိုင်းအန္တရာယ်ကြောင့်မသန်စွမ်းဖြစ်ရသူများ၊ ကျောင်းမနေရသောကလေးများ၊ လူကုန်ကူးမှုခံရသူများနဲ့ မူးယစ်ဆေးစွဲသူများစသည်တို့သည် ပြည်တွင်းငြိမ်းချမ်းမှုမရှိခြင်း၏ရလဒ်များ ဖြစ်ပါတယ်။ အဲ့ဒီ အဖြစ်အပျက်တွေ လျော့ပါးကင်းစင်မှ ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မှာဖြစ်ပါတယ်။ ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်မှု ရရှိရန် ပြည်တွင်းအပစ်အခတ်ရပ်ဆဲရေး၊ ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ၄င်း၏ဇစ်မြစ်ဖြစ်သော နိုင်ငံရေးပြဿနာများ ပြေလည်အောင် နိုင်ငံရေးစားပွဲဝိုင်းမှာ ညှိနှိုင်းဖြေရှင်းဖို့ စနစ်တကျ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ညှိနှိုင်း တဲ့နေရာမှာ အဖြေထွက်ရေးကို ဦးတည်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း လက်ရှိ ဖြစ်ပွားလျက်ရှိတဲ့ ပြည်တွင်းပဋိပက္ခများရဲ့ ရလာဒ်အဖြစ် ယင်းဒေသတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများနှင့် အထူးသဖြင့် ထိခိုက်လွယ်သည့် ကလေးသူငယ် များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများမှာ မိမိတို့၏ နေ့စဉ်ပုံမှန်လုပ်ငန်းများဆောင်ရွက်ရန် ခက်ခဲခြင်း၊ ပညာသင်ယူရေးတွင် ခက်ခဲမှုရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ခက်ခဲခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာခြင်းများစွာ ကြုံတွေ့နေရပါတယ်။ ယင်းတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများမှာ စံနှုန်းများနှင့်ကိုက်ညီမှုမရှိတဲ့ လတ်တလောဖြေရှင်းမှု အနေဖြင့်သာနေထိုင်ကြရပြီး အထူးသဖြင့် သန့်ရှင်းသောသောက်သုံးရေများ လုံလုံလောက်လောက် မရရှိခြင်း၊ တစ်ကိုယ်ရည် သန့်ရှင်းရေးကိစ္စများ မဆောင်ရွက်နိုင်ခြင်း၊ လုံခြုံမှုရှိပြီး လုံလောက်သော ရေအိမ်များမရရှိခြင်းတို့နှင့် အိပ်စက်အနားယူမှုများ ကောင်းကောင်းမရရှိခြင်း အစရှိတာတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် နေရာတွေမှာ ကျေးရွာသူ၊ ကျေးရွာသားများသည် မိုင်းအန္တရာယ်နှင့် ကြုံတွေ့နေရပြီး မိုင်းထိခိုက်မှုကိုလည်း အများဆုံးကြုံတွေ့ခံစားနေရပါတယ်။

ဒီလို မိုင်းအန္တရာယ်ထိခိုက်မှုကြောင့် အသက်များဆုံးရှုံးရသလိုလူတစ်ဦးချင်း၊ မိသားစု၊ ရပ်ရွာ၊ နိုင်ငံအနေဖြင့်လည်း ဆုံးရှုံးမှုများရှိနေတာကို တွေ့ရပါတယ်။ လူတစ်ဦးတစ်ယောက် မိုင်းအန္တရာယ်ထိခိုက်လာပါက ၄င်းနှင့်မိသားစုတစ်ခုလုံးရဲ့ အရေးကြီးဆုံးဖြစ်တဲ့ စားဝတ်နေရေးပါ အခက်အခဲကြုံလာရသည့်အပြင် နိုင်ငံတော်ရဲ့ ကုန်ထုတ်စွမ်းအားပါ ကျဆင်းလာသည်ကို တွေ့ရပါတယ်။

တိုက်ပွဲများနှင့် မိုင်းအန္တရာယ်ကြောင့် မသန်စွမ်းဖြစ်သွားသူများသည် ၎င်းတို့ စွမ်းဆောင်ရည် အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ပေမဲ့လဲ ဒေသရဲ့အခြေအနေကြောင့် လုံလောက်သော ဝန်ဆောင်မှုများ မရရှိနိုင်တဲ့အတွက် လူသားအရင်းအမြစ်များ ဆုံးရှုံးရသည့်အပြင် မသန်စွမ်းဖြစ်သွားကြသူများ၏ မိသားစုများမှာလည်း လူမှုရေးဒုက္ခများစွာ ကြုံတွေ့ခံစားကြရပါတယ်။

ဒါ့ကြောင့် မိုင်းနှင့်မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေများကို စစ်တမ်းကောက်ယူရန် လိုအပ်လျက်ရှိပါတယ်။ ကုလသမဂ္ဂ၏ မိုင်းအသုံးပြုမှုရပ်စဲရေး ပဋိညာဉ်စာချုပ်တွင် နိုင်ငံပေါင်း(၁၆၂)နိုင်ငံလက်မှတ်ရေးထိုးထားပြီး၊ လက်မှတ် မရေးထိုးရသေးတဲ့ နိုင်ငံပေါင်း(၃၄)နိုင်ငံများတွင် မြန်မာနိုင်ငံလဲပါဝင်ပါတယ်။ မြန်မာနိုင်ငံဟာ မိုင်းနှင့် ပေါက်ကွဲစေတတ်တဲ့လက်နက်များကြောင့် ထိခိုက်မှုအများဆုံးနိုင်ငံများစာရင်းမှာလည်း ပါဝင်နေပါ တယ်။ မိုင်းအသုံးပြုမှုရပ်စဲရေးပဋိညာဉ်စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရန် ငြိမ်းချမ်းမှုရရှိရေးဟာ အဓိကဖြစ်ပါတယ်။

ကလေးသူငယ်အခွင့်အရေး (၄) ရပ်ဖြစ်တဲ့ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ် စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တို့ကို ကလေးသူငယ်တိုင်းရရှိခံစားခွင့် ရှိကြရမှာ ဖြစ်ပေမဲ့ ပြည်တွင်းငြိမ်းချမ်းမှုမရှိတဲ့ဒေသမှာနေတဲ့ ကလေးတွေဟာ ဒီအခွင့်အရေးတွေ အပြည့်အဝမရ ကြပါ ဘူး။ အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများ ဆုံးရှုံး လျက်ရှိပါတယ်။ ဒါ့အပြင် ကလေးသူငယ်များဟာ အခွင့်ကောင်းယူလိုသူများရဲ့အကြမ်းဖက် ခံရခြင်း၊ အထူးသဖြင့် မိန်းကလေးငယ်ရွယ်များအား မုဒိမ်းမှုပြုကျင့်ခြင်း၊ နိုင်ထက်စီးနင်းပြုမှုခြင်း၊ လျစ်လျူရှု ခံရခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းများ ကြုံတွေ့ရပြီး ထိခိုက်လွယ်သော၊ အန္တရာယ် ကျရောက်ဖွယ် ရှိသော အခြေအနေများကို ရောက်ရှိနေလေ့ရှိပါတယ်။ ဒီလို ထိခိုက်ခံစားနေရတဲ့ ကလေးသူငယ်များဟာ အထူးကာကွယ် စောင့်ရှောက်ရန် လိုအပ်တဲ့ ကလေးသူငယ်များဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းမှုမရှိတာကြောင့် အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်များ၊ သားသည်မိခင်များ တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်းနေကြရတယ်။ ဒီလို ရွှေ့ပြောင်းနေရတဲ့အတွက် ပတ်ဝန်းကျင် လုံခြုံမှု မရှိဘဲ၊ အကြမ်းဖက်ခံရမှုများ ကြုံတွေ့နေကြရကာ အမျိုးသမီးများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာထိခိုက်နစ်နာမှုများ ကြုံတွေ့ခံစားနေကြရပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အနေဖြင့် မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရခြင်းများ၊ ထိခိုက်ဒဏ်ရာများရရှိခြင်းများ၊ အသက် ဆုံးရှုံးရမှုများ ခံစားနေကြရပါတယ်။ ကိုယ်ဝန်ဆောင်များအနေနဲ့ ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်နဲ့၊ မီးတွင်း ကာလ

တွေမှာ လုံလောက်တဲ့ စောင့်ရှောက်မှုများ မရရှိပါ။ သားသည်မိခင်များဟာလည်း လုံလောက်တဲ့ အဟာရမရရှိနိုင်ဘဲ မိခင်ရောကလေးပါ အဟာရချို့တဲ့ခြင်းများကိုခံစာကြရပါတယ်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုအနေဖြင့် အချို့သော အမျိုးသမီးများမှာ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ စိတ်ကစဥ့်ကလျားဖြစ်ခြင်း စတဲ့ကျန်းမာရေးထိခိုက်ခြင်းများ ခံစားရပါတယ်။ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်သည့်အတွက် နိုင်ငံတော်၏ မူဝါဒတွင်လည်း အမျိုးသမီးများ၏ ကဏ္ဍနှင့် ပတ်သက်၍ လုံခြုံစိတ်ချစွာဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်၊ တန်းတူအခွင့်အရေးရရှိရေး၊ အကာအကွယ်ပေးနိုင်ရေးအတွက် ဥပဒေများထိရောက်မှုရှိစေရေး လိုအပ်သဖြင့် အမျိုးသမီးများကိုယ်တိုင် ငြိမ်းချမ်းရေးလုပ်ငန်းစဥ်များမှာ ပါဝင်ကြရန်ဖြစ်ပါတယ်။

ပြည်တွင်း၌ ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများနှင့် လူကုန်ကူးမှုဖြစ်ပွားမှုမှာ ဆက်စပ်လျက်ရှိပါတယ်။ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအနေဖြင့် အတည်တကျမနေနိုင်ဘဲ အခြားသော နေရာဒေသများသို့ ရွှေ့ပြောင်းသွားလာရာတွင် လုံခြုံစိတ်ချရမှုမရှိတဲ့အတွက် အကြမ်းဖက်မှုခံရခြင်း၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ လူကုန်ကူးခံရမှုဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါ တယ်။ ပဋိပက္ခဒေသများမှ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံပြီးသည့်နောက် မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းနဲ့ ထပ်မံလူကုန်ကူးမခံရစေရေး အတွက် နောက်ဆက်တွဲ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲ့ဒီလို ဆောင်ရွက်ရာတွင် များစွာအခက်အခဲရှိပြီး ၎င်းတို့အနေဖြင့်လည်း ထပ်မံလူကုန်ကူးခံရမဲ့ အန္တရာယ်တွေနဲ့ ကြုံတွေ့နေရပါတယ်။

စီးပွားရေး ဆိုင်ရာ ထိခိုက်နစ်နာမှုအနေဖြင့် မိမိတို့၏ အိမ်၊ လယ်၊ ယာမြေများအား စွန့်ခွာရခြင်း၊ စီးပွားရေး လုပ်ငန်းများကို စွန့်ခွာရခြင်းတို့ကြောင့် ဝင်ငွေမရရှိသဖြင့် လူသားချင်းစာနာထောက်ပံ့မှု အကူအညီများ ပေါ်တွင်သာ လုံးဝမှီခိုရပ်တည် နေကြရပါတယ်။

ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများတွင် နယ်မြေငြိမ်းချမ်းမှု မရှိခြင်း၊ အေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှု ကင်းမဲ့ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများ ပျက်ပြားပြီး ဒေသတွင်းပြည်သူ အများစုမှာ မိမိတို့ဘဝ အသက်အိုးအိမ် လုံခြုံမှုရှိရေးအတွက် ရွှေ့ပြောင်းသွားလာ နေထိုင်မှုများ ပြုလုပ်နေကြရပါသည်။ အလားတူတိုက်ပွဲရှောင်စခန်းများတွင်လည်း နေထိုင်ကြရသည်မှာ နှစ်ကာလ ကြာမြင့်သည့်အတွက် စီးပွားရေးလုပ်ငန်းများမလုပ်ကိုင်နိုင်ဘဲ မိသားစုဝင်ငွေမရှိသလောက် ဖြစ်နေကြရပါတယ်။ လူတစ်ဦးချင်း

စီအလိုက် လူမှုရေးဒုက္ခမျိုးစုံခံစားကြရပြီး စိတ်ပိုင်းဆိုင်ရာများစွာ ထိခိုက်နစ်နာကြရပါသည်။ လူ့အဖွဲ့ အစည်း ၏ အခြေခံယူနစ်တစ်ခုဖြစ်သည့် တန်ဖိုးရှိသော မိသားစုဘဝ၊ မိသားစုပျော်ရွှင်မှုများကိုလည်း မရရှိကြတော့ဘဲ ဘဝရည်မှန်းချက်ပန်းတိုင်များ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေကြရပါတယ်။

ငြိမ်းချမ်းမှုမရှိသည့်ဒေသများတွင် တရားဥပဒေစိုးမိုးမှုမရှိသည့်အတွက် မူးယစ်ဆေးဝါးများအား စနစ်တကျထိန်းချုပ်နိုင်စွမ်း မရှိမှုတို့ကြောင့် အဆိုပါဒေသများတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု မြင့်မား ခြင်း၊ သုံးစွဲသူအရေအတွက် များပြားခြင်းများကိုတွေ့ရှိရပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါး သုံးစွဲသူများ အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရပ်ရွာအခြေပြု ပြန်လည်ထူထောင် ရေးနည်းလမ်းများဖြင့် ဝေးလံခေါင်ပါးဒေသများရှိ မူးယစ်ဆေးဝါး သုံးစွဲသူများ အတွက် ဆောင်ရွက်ပေး လျက်ရှိသော်လည်း ငြိမ်းချမ်းမှုမရှိတဲ့ ဒေသများမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။ ဒါကြောင့် အဲ့ဒီဒေသ များရှိ မူးယစ်ဆေးသုံးစွဲသူများအနေနဲ့ မူးယစ်ဆေး သားကောင်အဖြစ်သာ ဆက်လက် သက်ဆင်းရပြီး၊ ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်နိုင်ခြင်း မရှိသည့်အပြင်လူမှုရေးဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများ ကိုလည်း ဆက်လက်ကြုံတွေ့ ခံစားနေရပါတယ်။

ပြည်တွင်းစစ်၏ဆိုးကျိုးကို တိုက်ရိုက်ခံစားနေရသော ပြည်သူများတွင် လူငယ်များမှာ အဓိက ခံစားနေရသူများ ဖြစ်နေပြီး စစ်ပွဲများ၏နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်တဲ့ မူးယစ်ဆေးဝါးပြဿနာ၊ လက်နက်ကိုင်များရဲ့ စစ်သားစုဆောင်းမှုများ၊ ပြည်ပရောက် ရွှေ့ပြောင်း အလုပ်သမားများပြဿနာ၊ လူငယ်အမျိုးသမီးများနှင့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားခံရမှုများနှင့် ဘဝမလုံခြုံခြင်း စသည် တို့ကို တွေ့ကြုံခံစားနေကြရပါတယ်။ ဒီလိုလူငယ်များဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုမှ ဆောင်ရွက်နိုင်ကြမှာမဟုတ်ပါဘူး။ ဒါကြောင့် မျိုးဆက်သစ်များ ဒီလိုဒုက္ခများမှ ကင်းဝေးအောင် ယနေ့ လူငယ်များအနေဖြင့် လာမည့်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေ ပေးနိုင်ရန် တာဝန်ရှိပါတယ်။ ယနေ့ လူငယ်များက ယခုဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပါဝင်ရေးသည် လည်း အရေးကြီးပါတယ်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၂၀၁၆ - ၂၀၃၀)တွင် ပန်းတိုင် (၁၆)က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော လူမှုအဖွဲ့အစည်းများ

ဖြစ်ပေါ်တိုးတက်ရေး၊ အားလုံးအတွက် တရားမျှတမှုရရှိစေရေးနဲ့ အဆင့်တိုင်းမှာ ထိရောက်မှုရှိတဲ့၊ တာဝန်ယူမှု/တာဝန်ခံမှုရှိတဲ့၊ လူတိုင်းအကျုံးဝင်တဲ့ အဖွဲ့အစည်းများ ထူထောင်ရေးလို့ပါဝင်ပါတယ်။ ဒါဟာ လူမှုဒုက္ခများက ကင်းဝေးဖို့ငြိမ်းချမ်းရေးရဲ့ အရေးပါမှုပဲဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို လှမ်းကိုင်နိုင်အောင် ငြိမ်းချမ်းရေးကအဓိကဖြစ်ပါတယ်။

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် ဒုက္ခခံစားနေကြရတဲ့လူတွေထဲမှာ နစ်ဘက် လက်နက်ကိုင်အဖွဲ့အစည်းတွေ တိုက်ပွဲဝင်နေကြရတဲ့သူတွေလည်းပါဝင်ပါတယ်။သူတို့လဲ ကိုယ်လက် အင်္ဂါဆုံးရှုံးရ၊သေကြေနေကြရ၊ မိသားစုတွေဒုက္ခရောက်ကြရ၊ ထိခိုက်နစ်နာကြရတဲ့ အတွက် လူမှုဖွံ့ဖြိုး ရေးတွေ ထိခိုက်နေကြရတာပါပဲ။ လက်တွေ့တာဝန် အရလုပ်ဆောင်ကြရသူ တွေရဲ့ ရင်ထဲကခံစား ချက်ကိုလည်း စာနာကြည့်ကြဖို့လိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်သူလူထုအားလုံး တူညီသော အခွင့်အရေးများရရှိခြင်း၊ တရားမျှတစွာ အကာအကွယ်ရရှိခြင်း၊ အေးချမ်းစွာ လက်တွဲနေထိုင်နိုင်ခြင်းနဲ့ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက် ရေးတို့ ရရှိစေရန် ဒီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံဟာ ပါဝင်သင့် ပါဝင်ထိုက်သူ အားလုံးပါဝင်ရေးမှုနဲ့ ကျင်းပသည့်အတွက် ဒီအခွင့်အရေးကို အရယူဖို့၊ အနှစ်(၇၀)နီးပါး ကြာပြီဖြစ်တဲ့ ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး နောက်မျိုးဆက်တွေအတွက် ငြိမ်းချမ်းရေးအမွေပေးနိုင်အောင် ကြိုးစားကြရန် ဖြစ်ပါတယ်။ အောင်မြင်မှုရရန်အတွက် အားလုံးရဲ့ရင်ထဲမှာ ပြည်ထောင်စုညီညွတ်ရေးရဲ့ အခြေခံဖြစ် သော ပင်လုံစိတ်ဓါတ်ကို နက်နက်ရှိုင်းရှိုင်း ကိန်းအောင်နေဖို့လိုပါကြောင်း တိုက်တွန်း တင်ပြအပ် ပါတယ်။

**ငြိမ်းချမ်းရေး ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၏ အစိုးရကိုယ်စားလှယ်အနေဖြင့် ဆွေးနွေးချက်များ**

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်။

ကြွရောက်လာတဲ့ လေးစားအပ်သော သဘာပတိကြီးများနှင့်တကွ ညီလာခံ တက်ရောက်သူများ အားလုံး ၃၈ ဖြာမင်္ဂလာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ငြိမ်းချမ်းရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဖြစ်ပါတယ်။ အစိုးရကိုယ်စားလှယ်တစ်ဦး အနေနဲ့ ဖက်ဒရယ်ဆိုင်ရာ အမြင်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

အနာဂတ်မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံပြီး တည်ဆောက်မယ်ဆိုတာကို ကျနော်တို့ အစိုးရအနေနဲ့ အပြည့်အဝ သန္နိဋ္ဌာန်ချပြီး ဖြစ်ပါတယ်။ ဘယ်လိုဖက်ဒရယ်မျိုးလဲဆိုတာကို ပုံဖော်နိုင်ဖို့ ယခုညီလာခံကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်တွေကြားမှာ ညှိနှိုင်းဆွေးနွေး အဖြေရှာ ကြရမှာဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း (၂၀၀) ကျော် ရှိတဲ့အထဲက နိုင်ငံပေါင်း (၂၈) နိုင်ငံဟာ ဖက်ဒရယ် စနစ်ကို ကျင့်သုံးနေ တဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ ကမ္ဘာ့ လူဦးရေ နဲ့ဆိုယင် လူဦးရေ ရဲ့ (၄၀) ရာခိုင်နှုန်းခန့်ဟာ ဖက်ဒရယ်စနစ် အောက်မှာ ရှင်သန် ရပ်တည်နေထိုင်နေသူတွေ ဖြစ်ကြပါတယ်။ အဲဒီ နိုင်ငံတွေဟာ ဖက်ဒရယ်စနစ်နဲ့ လည်ပတ် အုပ်ချုပ်နေတယ်ဆိုပေမယ့်လည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီကြတဲ့ ဖက်ဒရယ် စနစ်တွေနဲ့ အုပ်ချုပ်နေ ကြတဲ့ နိုင်ငံများဖြစ်ကြပါတယ်။ ဖက်ဒရယ်စနစ်တခုကို လက်ခံကျင့် သုံးမယ်ဆိုရင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးလိုတဲ့ တိုင်းပြည်အတွင်းမှာ ရှိကြတဲ့ နိုင်ငံသားများရဲ့ ကွဲပြား ခြားနားသော လူမှုရေး၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ သမိုင်းကြောင်းများနဲ့ ပထဝီအနေအထား စသည့် အချက်များ

စွာကို အခြေခံပြီး အဲ့ဒီတိုင်းပြည်အတွက် အသင့်လျော်ဆုံး ဖက်ဒရယ်စနစ်ကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။

ကမ္ဘာပေါ်က ဖက်ဒရယ်စနစ်တွေကို လေ့လာကြည့်တဲ့အခါ အကြမ်းအားဖြင့် ဖက်ဒရယ် စနစ် (၂) မျိုးရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ပထမ တစ်မျိုးကတော့ "အတူယှဉ်တွဲနေထိုင်ရေး ဖက်ဒရယ်" (Coming together) ဖြစ်ပါတယ်။ အဲဒီ ဖက်ဒရယ်စနစ်မှာ အချုပ်အခြာ အာဏာအရ လွတ်လပ်တဲ့ နယ်မြေဒေသတွေ စုပေါင်းပြီးတော့ နိုင်ငံတစ်နိုင်ငံအဖြစ် လက်တွဲတည်ဆောက်ကာ စုစည်းနေထိုင်ကြတဲ့ စနစ်ဖြစ်ပါတယ်။ အဲဒီ စနစ်အောက်မှာ ဗဟို အစိုးရ ရဲ့ လုပ်ပိုင်ခွင့်အာဏာတွေကို လျှော့ထားပြီးတော့ ဒေသဆိုင်ရာ အစိုးရတွေရဲ့ အာဏာ နဲ့ လုပ်ပိုင် ခွင့်တွေကို ပိုမို ပေးအပ်ထားတဲ့ စနစ် ဖြစ်ပါတယ်။ အဲဒီ စနစ်အောက်မှာ ဒေသဆိုင်ရာ အစိုးရတွေက ကျင့်သုံး တဲ့ အာဏာနဲ့ လုပ်ပိုင်ခွင့်တွေကို ညီတူညီမျှ အပြည့်အဝရတဲ့အတွက် ဒေသ ဖွံ့ဖြိုးရေးတွေကို အားစိုက် လုပ်ဆောင်နိုင်ပြီး ကိုယ့်ဒေသ ဖွံ့ဖြိုးရေးကို အာမခံချက်ရှိတဲ့ စနစ်တစ်ခုလည်းဖြစ်ပါတယ်။ ဒါပေမယ့် အားနည်းချက်တစ်ခု အနေ နဲ့ ဗဟို အစိုးရမှ အာဏာ နဲ့ လုပ်ပိုင်ခွင့်တွေ အကန့်အသတ်နဲ့သာရှိတဲ့အတွက် အချို့ ပြဿနာတွေကို ဗဟို အစိုးရအနေနဲ့ ကိုင်တွယ်ဖြေရှင်း နိုင်ခြင်းမရှိတဲ့ အခြေအနေကိုလည်း ရင်ဆိုင်ရ တတ်ပါတယ်။

ဒုတိယ ဖက်ဒရယ်အမျိုးအစားကတော့ "အတူပေါင်းစည်းရေး ဖက်ဒရယ်" လို့ခေါ်တဲ့ (Holding – together) ဖက်ဒရယ်စနစ်ဖြစ်ပါတယ်။ အဲဒီ စနစ်မျိုးကို လူမျိုးပေါင်းစုံ၊ ကိုးကွယ်သည့် ဘာသာပေါင်းစုံ မှီတင်းနေထိုင်ကြသည့် တိုင်းပြည်များမှာ တွေ့ရတတ်ပါတယ်။ ဥပမာ အားဖြင့် အိန္ဒိယ နိုင်ငံ ကျင့်သုံးတဲ့ ဖက်ဒရယ်စနစ်ဟာ အဲဒီလို စနစ်မျိုးဖြစ်ပါတယ်။ အဲဒီ စနစ်အောက်မှာ ဗဟိုအစိုးရအတွက် လုပ်ပိုင်ခွင့် အာဏာများ အပြည့်အဝ ပေးထားသကဲ့သို့ ဒေသဆိုင်ရာ အစိုးရများအတွက်လည်း ဒေသအလိုက် ထူးခြားတဲ့ ဝိသေသများအရ မတူညီ တဲ့ အာဏာတွေ ခွဲဝေကျင့်သုံးရန်

ပေးအပ်ထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို စနစ် ကျင့်သုံးတဲ့ တိုင်း ပြည်တွေဟာ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ မှီတင်းနေထိုင်ရာ တိုင်းပြည်များတွင် ကျင့်သုံးလေ့ရှိပါတယ်။

ကျနော်တို့ မြန်မာနိုင်ငံမှာ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းစဉ်လာနှင့် ပထဝီအနေအထား ကွဲပြားခြားနားမှုတွေ ရှိတဲ့ လူမျိုးစုတွေ ရှိကြပါတယ်။ ဒါကြောင့် မိမိဒေသအတွင်းက ကိစ္စများကို စီမံခန့်ခွဲအုပ်ချုပ်ခြင်း (Self-Ruled) နဲ့ နိုင်ငံသားများအားလုံးနဲ့ သက်ဆိုင်တဲ့ ပူးပေါင်းစီမံခန့်ခွဲအုပ်ချုပ်သင့်တဲ့ ကိစ္စများ (Shared-Ruled for all) ဆိုတဲ့ ဖက်ဒရယ်မူကို အခြေခံပြီး ဆွေးနွေးညှိနှိုင်းကြရမှာဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးမဟုတ်သလို ခွဲထွက်ရေးလို့ ပြောလိုက်တာနဲ့ ဖက်ဒရယ်မဟုတ်တော့ပါဘူး။ ဖက်ဒရယ်ဆိုတာက ပေါင်းစည်းရေး ဆိုတဲ့ အခြေခံပဲဖြစ်ပါတယ်။

ကျနော်တို့ရည်မှန်းတဲ့ ဖက်ဒရယ်က အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ကို အပြန်အလှန်ထိန်းကျောင်းနိုင်တဲ့ စနစ်ဖြစ်ရပါမယ်။ ပြည်ထောင်စုနဲ့ ဒေသန္တရအစိုးများ အကြားမှာ တရားဝင် အာဏာခွဲဝေပူးပေါင်းပြီး အုပ်ချုပ်ခြင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခြင်း နှစ်ခုကို သဟဇာတ မျှတအောင် အကောင်အထည်ဖော်နိုင်တဲ့ ဖက်ဒရယ်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးအတွက် ဖြစ်တဲ့ ပြည်ထောင်စုအစိုးရဆိုတာ ရှိသလို ဒေသန္တရအစိုးရများလည်း ရှိတဲ့ အစိုးရနှစ်ရပ် အသွင်သဏ္ဍာန်ကို အနှစ်သာရအရရော၊ ဖွဲ့စည်းပုံအရပါ လုပ်ဆောင်နိုင်ဖို့ လိုပါမယ်။

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို စဉ်းစားကြတဲ့အခါ ဗမာနဲ့ တိုင်းရင်းသား ဆိုတဲ့ အသွင်ကွဲပြားမှု သက်သက်မဟုတ်ဘဲ တိုင်းရင်းသားအားလုံးအကြား ပူးတွဲ အကောင်အထည်ဖော်မှုဆိုတဲ့ အနှစ်သာရကို စဉ်းစားကြရမှာပါ။ ဒါကြောင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုရဲ့ စုဖွဲ့မှုကို စဉ်းစားရာမှာ လူမျိုးစုကို အခြေခံတဲ့ ပြည်နယ်

တွေထက် အနှစ်သာရအရ လူမျိုးစုအားလုံးကို ကိုယ်စားပြုနိုင်တဲ့ အမျိုးသားလွှတ်တော်ရဲ့ စုဖွဲ့မှုကို အခြေခံပြီး စဉ်းစားဖို့ လိုအပ်ပါလိမ့်မယ်။

လူတစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်အခွင့်အရေးရှိသလို တိုင်းရင်းသားအစုအဖွဲ့တစ်ခုစီရဲ့ လူမျိုးစုအခွင့်အရေးဆိုတဲ့ Group Rights ဆိုတဲ့ ဖက်ဒရယ်သဘောတရားထဲမှာ ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် တိုင်းရင်းသားအစုအဖွဲ့တို့ရဲ့ အခြေခံလက္ခဏာ (Identity) နဲ့ ပတ်သက်ပြီး မူဝါဒချမှတ်တဲ့အခါ သက်ဆိုင်ရာလူမျိုးစုတို့ရဲ့ အများသဘောဆန္ဒကို ထည့်သွင်းစဉ်းစားရမယ့် ဖက်ဒရယ်မျိုးကို ဆိုလိုပါတယ်၊ ဘယ်တိုင်းရင်းသားကမှ အခြားတိုင်းရင်းသားတစ်ခုရဲ့ ကံကြမ္မာကို လက်ဝါးကြီးအုပ် ဆုံးဖြတ်သွားတာမျိုး မဖြစ်စေရတဲ့ စနစ်မျိုးကို ဦးတည် တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။

အာဏာခွဲဝေခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုတဲ့ ကဏ္ဍနှစ်ရပ်ဟာ ခေါင်းနဲ့ ပန်းလို ဒွန်တွဲနေတာ ဖြစ်ပါတယ်။ အုပ်ချုပ်မှု အာဏာ၊ တရားစီရင်ရေးအာဏာ ကဏ္ဍတွေမှာလည်း ပြည်ထောင်စုအစိုးရနဲ့ ဒေသန္တရအစိုးရများအကြားမှာ ပူးတွဲဆောင်ရွက်ရမယ့် ကိစ္စတွေ ထားရှိရမှာ ဖြစ်ပါတယ်။ ဖက်ဒရယ်စနစ် တစ်ခုအားကောင်းဖို့က အာဏာခွဲဝေရေးတင် မကပါဘူး။ ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးကြီးပါတယ်။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါတဲ့ ဇယား (၅) ပါ သယံဇာတခွဲဝေမှုအတွက် ဒေသန္တရအစိုးရတွေရဲ့ အခန်းကဏ္ဍကို ပိုပြီး ပီပြင်လာအောင် ရေးဆွဲသွားရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ သယံဇာတ စီမံခန့်ခွဲရေးတွေမှာ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ဒေသန္တရအစိုးရတွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ သယံဇာတ ခွဲဝေမှုနဲ့ ပတ်သက်လာရင် ယေဘုယျအားဖြင့် ပြည်ထောင်စုအစိုးရ၊ ဒေသန္တရအစိုးရနဲ့ အခြားလိုအပ်ချက်ရှိတဲ့ ဒေသန္တရအစိုးရများကို မျှဝေခြင်းဆိုပြီး အပိုင်း သုံးပိုင်းကို အခြေခံရမှာ ဖြစ်ပါတယ်။

ကျနော်တို့ နိုင်ငံမှာ ကိုလိုနီခေတ်၊ ပါလီမန် ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ်၊ တပ်မတော်အစိုးရခေတ် စတဲ့ ခေတ်အဆက်ဆက်တို့မှာ ကျင့်သုံးခဲ့ကြတဲ့ မတူကွဲပြားသော ဖွဲ့စည်းပုံ အခြေခံများကို အခြေခံပြီး လက်ရှိ တည်ဆဲဥပဒေကို ရေးဆွဲထားတာ ဖြစ်ပါတယ်။ ဒေသန္တရအစိုးရများရဲ့ ရာထူးရာခံ ခန့်အပ်မှုတွေကို လုပ်ဆောင်ရာမှာလည်း ဗဟိုချုပ်ကိုင်မှုတွေကို လျှော့ချပြီး သက်ဆိုင်ရာ ဒေသခံ ပြည်သူလူထုရဲ့ ဆန္ဒကို တိုက်ရိုက်ထင်ဟပ်တဲ့ ရွေးချယ်ခန့်အပ်မှုမျိုး ဖြစ်လာအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် အခုကျင်းပနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများမှတဆင့်ပြီးတဆင့် ဆွေးနွေးညှိနှိုင်းကာ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ဖို့ အားလုံး အတူတကွ ဆက်လက်ကြိုးပမ်းသွားကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

***********************************

**အလေးထားဆောင်ရွက်သင့်သည်များ**

- အတင်းအကြပ်တပ်သားစုဆောင်းခြင်း
- ယာယီခိုလှုံစရာနေရာ
  (ဘာသာရေးအဆောက်အဦး၊ကျောင်း၊ဆေးရုံ) ဘေးကင်းနိုင်ရန်
- လူသားချင်းစာနာမှုအလေးထားရန်(ကလေးသူငယ်/အမျိုးသမီး/
  မသန်စွမ်း/သက်ကြီးရွယ်အို)
- [illegible]

**ညှိနှိုင်းဆောင်ရွက်ရေးဖြေရှင်းမှု**

Social impact/ ဒေသတွင်းပဋိပက္ခ အချက်အလက် စသဖြင့်

ရရှိမှု လူမျိုး/ဒေသ/အကြောင်းအရာ----

JMC/အမျိုးသားအဆင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ---

ပြည်နယ်/တိုင်းအဆင့်/---ပြည်ထောင်စုအဆင့်

အပစ်အခတ်ရပ်ပြီးပါကမူလနေရာတွင်လုံခြုံစိတ်ချစွာနေထိုင်လုပ်ကို
င်စားသောက်ရေး

(၁) စိတ်ဒါဏ်ရာထိခိုက်မှုအားကုစားခြင်း

(၂) သဘာဝဘေးကဲ့သို့ အချက်အလက်ကောက်
ပြန်လည်ထူထောင်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခကြောင့်

- ထိခိုက်ဆုံးရှုံးမှု အချက်အလက်ကောက် ပြန်လည်ထူထောင်

(၃) အထောက်အပံ့ပစ္စည်းစီမံခန့်ခွဲရေး စံနစ်ကျမှု

- ပြန်လည်နေရာချထားရေး(မူလနေရင်းဒေသ)/
ပြန်လည်ထူထောင်ရေးနှင့်
လူမှုဖွံ့ဖြိုးရေး(ကျန်းမာရေး/ပညာရေး/ကူညီကယ်ဆယ်ရေးသွားရောက်နိုင်မှုလွယ်ကူ/
လုံခြုံရေး) ၂ ဖက်ညှိနှိုင်းဆောင်ရွက်ရေးမှုချထားဖို့လိုပါမယ်
(ကာလရှည်စဉ်စားသင့်--ထိခိုက်မှုများခြင်း/ကြာမြင့်ခြင်း)

- လက်နက်ကိုင်ပဋိပက္ခက လွှမ်းမိုးထားခဲ့တဲ့ နေရာတွေကို
အပစ်အခတ်ရပ်စဲရေးပြီးပါက

ဒေသခံများပြန်လည်အခြေချပြီး
ငြိမ်းချမ်းရေးပြန်လည်ဖော်ဆောင်နိုင်မယ်
(မူလအခြေနေနီးပါးရောက်ရှိရေး)

ပြည်သူလူထုလူမှုဘဝလုံခြုံသောငြိမ်းချမ်းရေးဖော်ဆောင်မှု

ပြည်သူလူထုပူးပေါင်းပါဝင်မှု ( လုံခြုံသော အကာအကွယ်ရှိသော အာမခံချက်ရှိသော လူသားချင်းစာနာမှု )

-နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်အခြေခံမှုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသောပြည်သူလူထုတရပ်လုံး၏အသက်၊အိုးအိမ်၊စည်းစိမ်

လုံခြုံရေးနှင့်ပြည်သူလူထု၏ဘဝ

မြှင့်တင်ရေးကိုကြိုးပမ်းဆောင်ရွက်သွားရန်၊

-နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ရည်ရွယ်ချက်ပါ

လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့်

တရားမျှတခြင်း၊တို့ကိုအခြေခံသည့်

ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရန်

ဒေါ်နန်းသန်းသန်းလွင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံ သို့တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင် -

ကျမကတော့ ကရင်ပြည်နယ် ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။

ဦးစွာဒီညီလာခံကြီးမှာ လွှတ်တော်ကိုယ်စား အစီရင်ခံစာတင်သွင်းခွင့်ရလို့ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်မရဲ့ အစီရင်ခံတင်ပြမှာကတော့ **"လိုက်လျောညီထွေဖြစ်စေပြီး ငြိမ်းချမ်းတည်ငြိမ်းသော ပြည်ထောင်စုတစ်ရပ်တည်ဆောက်ရေးအတွက် အကျိုးပြုနိုင်တဲ့ ဖက်ဒရယ်ပုံစံရွေးချယ်နိုင်ရေးလိုအပ် မှုကဏ္ဍနှင့် ပတ်သက်တဲ့ အကြောင်းအရာ"**ဖြစ်ပါတယ်။

ကျွန်မရဲ့အစီရင်စာမှာ အပိုင်း (၃) ပိုင်းပါဝင်ပါတယ်။

အပိုင်း (၁) - ဖက်ဒရယ်စနစ်၏ပုံစံများ

အပိုင်း(၂) - ဖက်ဒရယ်စနစ်ပုံစံရွေးချယ်နိုင်ရေး

အပိုင်း(၃) - မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်စေနိုင်တဲ့ ဖက်ဒရယ်စနစ် ဖြစ်ပေါ်နိုင်ရေးတို့အပေါ် အကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဧည့်သည်တော်များရှင် -

အပိုင်း (၁) ဖြစ်တဲ့ ဖက်ဒရယ်စနစ်ရဲ့ ပုံစံများကို ရှင်းလင်းတင်ပြရမယ်ဆိုရင်

ကမ္ဘာ့နိုင်ငံများအပေါ် သုတေသနပြုချက်အရ ဖက်ဒရယ်စနစ်နှင့် ပတ်သက်တဲ့ ပုံစံအားဖြင့် ~~ပေါင်း (၂၈) ကျော်ရှိပါတယ်။~~ ~~အထူး~~ သုံးမျိုးရှိ Dual federalism
Cooperative Fedaralism နှင့်
Fiscal Federalism တို့ဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်မှာ ပုံစံတွေဘယ်လောက်ပဲရှိရှိ Horizental လို့ဆိုတဲ့ အလျားလိုက် အာဏာခွဲဝေမှု နှင့် Vertical လို့ဆိုတဲ့ အထက်အောက် အာဏာခွဲဝေမှုပုံစံများသာဖြစ်ပါတယ်။

Horizental နဲ့ အာဏာခွဲဝေမယ်ဆိုရင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် တို့အား သီးခြားအာဏာခွဲဝေမှုပေးရ မှာဖြစ်ပါတယ်။

Vertical ပုံစံအရတော့ ဗဟိုအစိုးရ တိုင်းနဲ့ ပြည်နယ်အစိုးရနဲ့ ဒေသန္တရအစိုးရများကို အဆင့်ဆင့် အာဏာခွဲဝေမှုပေးရမှာဖြစ်ပါတယ်။

အာဏာခွဲဝေသတ်မှတ်ရာမှာ သဘာဝအရင်းအမြစ် ခွဲဝေမှု၊ အခွန်ခွဲဝေမှု၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှု စသည့်ဖြင့်ပါဝင်ပါတယ်။

လေးစားအပ်ပါသော ဧည့်သည်တော်များရှင့် -

အပိုင်း (၂) ဖြစ်တဲ့ ဖက်ဒရယ်ပုံစံရွေးချယ်မှုနှင့်ပတ်သက်ပြီး တင်ပြရမယ်ဆိုရင်

ဖက်ဒရယ်စနစ်ရဲ့ အခြေခံပဲပြောပြော အနှစ်သာရလို့ပဲဆိုဆို အာဏာရှင်စနစ်မပေါ်ပေါက်အောင် အချုပ်အခြာအာဏာကို တစ်နေရာတည်းမှာ စုစည်းချုပ်ကိုင်ထားခြင်းမရှိဘဲ အာဏာခွဲဝေသတ်မှတ် ပေးခြင်းဖြစ်ပါတယ်။

ဒါ့အပြင် အရှည်သဖြင့် ထာဝရ ယှဉ်တွဲပေါင်းစည်းနေထိုင်ရေးဆိုတာလဲပါဝင်ပါမယ်။

အပိုင်း (၃) ဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်မဲ့ ဖက်ဒရယ်စနစ်ပုံစံရွေးချယ်မှုအပေါ် အကြံပြု တင်ပြရမယ်ဆိုရင်

ဖက်ဒရယ်ပုံစံ အများကြီးရှိပေမယ့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ နောက်ခံသမိုင်းကြောင်းမတူညီခြင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေမတူညီခြင်း။

သဘာဝအရင်းအမြစ် ကြွယ်ဝမှုမတူညီနိုင်ခြင်း

စသော အခြေခံအကြောင်းတရားများစွာ ရှိသည့်အတွက် အခြားနိုင်ငံများရဲ့ ဖက်ဒရယ်ပုံစံကို ပုံတူးကူးချလို့မရနိုင်ပါဘူး။

ကျွန်မတို့ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်မီးက နှစ်ပေါင်း (၆၀) ကျော် ဖြစ်နေမှုကို ရပ်တန့်နိုင်ဖို့

ဒီမိုကရေစီအခွင့်အရေးတွေရနိုင်ဖို့

နိုင်ငံသားအခွင့်အရေးတွေ တန်းတူညီမျှရနိုင်ဖို့

အလိုနဲ့အရ မျှတစေဖို့

စတဲ့ အချက်များကို အရေးတကြီးအကောင်အထည်ဖော်နိုင်မဲ့ ပုံစံကို ရွေးချယ်ရမှာဖြစ်ပါတယ်။

ဒီကနေ့ဆွေးနွေးပွဲမှာ

အထက်ဖော်ပြပါအချက်တွေကို ညီညီညွတ်ညွတ်နဲ့ သဘောတူဆုံးဖြတ်နိုင်ဖို့ ဦးတည်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၂၆.၇.၂၀၁၆ နေ့က မိုင်ဂျာယန်ငြိမ်းချမ်းရေး ညီလာခံ ဒုတိယနေ့မှာ အခြေခံမူ (၈) ချက်ကို တောင်းဆိုထားတာတွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ယနေ့အချိန်အခါမှာ အဖွဲ့အစည်းအသီး သီးမှ ငြိမ်းချမ်းရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ မူဘောင်တွေ ချမှတ်ဆောင်ရွက် နေကြပြီဆိုတာ ကြားသိရပါတယ်။

မြန်မာပြည်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး အောင်မြင်နိုင်ဖို့က နာတာရှည်ရောဂါကြီးကို ပျောက်ကင်းအောင်ကုစားနိုင်တဲ့ ဆေးဝါးနဲ့တူတဲ့ ဖက်ဒရယ်ပုံစံကို ရွေးချယ်နိုင်ဖို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ပြည်တွင်းငြိမ်းချမ်းမှုမရှိတာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်လို့ တိုင်းပြည်ရော ပြည်သူတွေပါ အထိနာလှပါပြီ။ ဒါကြောင့် ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းနဲ့ မရရအောင်ဖြေရှင်းနိုင်ဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ စိတ်ရှည်သည်းခံပြီး အလျှော့အတင်းလုပ်ကာ အောင်မြင်အောင် ဆောင်ရွက်သင့်ပါတယ်။ ဒါကိုမှ မကျော်လွှားနိုင်ဘူးဆိုရင် ကျွန်မတို့တိုင်းပြည်ဟာ ဘယ်နည်းနဲ့မှရှေ့ဆက်ပြီး အောင်မြင်အောင် လုပ်နိုင်တော့မှာမဟုတ်ပါဘူး။

ဒါ့အပြင် နိုင်ငံတော်အတိုင်ပင်ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်မိန့်ခွန်းမှာ ပညာသတ္တိ လုံးလဝီရိယတို့နှင့် မတူညီတဲ့အမြင်တွေကို ညှိနှိုင်းဆောင်ရွက်သွားနိုင်မယ်လို့ ပါဝင်ပါတယ်။

ဒါကြောင့် ကျွန်မတို့ တစ်တိုင်းပြည်လုံးရှိ တိုင်းရင်းသားပေါင်းစုံ ရည်မှန်းမျှော်လင့်ထားတဲ့ ဖက်ဒရယ် နိုင်ငံဖြစ်မြောက်ရေးကို ပကတိရှိနေတဲ့ တောင်းဆိုမှုများ၊ ရရှိနိုင်မှုအခွင့်အလမ်းများနှင့် ချိန်ဆပြီး ရွေးချယ်စိစစ် သွားကြရမှာဖြစ်ပါတယ်။

ဒီညီလာခံကြီးမှာ ဝမ်းမြောက်ဖွယ်ဖြစ်တဲ့ ဂုဏ်ကျက်သရေရှိတဲ့ လွှတ်တော်ရဲ့ အတည်ပြုဆောင်ရွက် ပေးရမဲ့တာဝန်များကို ကြိုဆိုမျှော်လင့်မိပါကြောင်းနဲ့ ညှိနှိုင်းဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်မိပါ ကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

ကျေးဇူးတင်ပါတယ်။

အားလုံးပဲမင်္ဂလာပါခင်ဗျာ...

ဒီကနေ့လို သမိုင်းဝင်တဲ့နေ့တစ်နေ့မှာ အစိုးရကို ကိုယ်စားပြုပြီး စကားပြောခွင့်ရတဲ့အတွက် လွန်စွာဝမ်းမြောက်မိပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံညီလာခံဟာ ငြိမ်းချမ်းရေး ရရှိဖို့အတွက်သာမကပဲ ဒီညီလာခံမှတဆင့် ဒီမိုကရေစီစနစ် ဖယ်ဒရယ်စနစ်တွေအပေါ်မှာ အခြေခံပြီး ဟန်ချက်ညီတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေ တန်းတူညီမျှတဲ့ အခွင့်အရေးတွေ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိပြီး ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းမျိုးကို တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေးကို တပါတည်း တည်ဆောက်သွားကြဖို့ လေးလေးနက်နက် တိုက်တွန်းလိုပါတယ်။

ကျနော့်အနေနဲ့ သဘာဝပတ်ဝန်းကျင်နှင့် ပက်သက်တဲ့ကိစ္စရပ်များကို ဆက်လက်တင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးမူဝါဒမှာပါရှိတဲ့ စီးပွားရေးမူဝါဒမျှော်မှန်းချက်ကို ပြောရမယ်ဆိုရင် "နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါသည်" ဟုဖော်ပြထားပါတယ်။ ဒ့ါအပြင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ အမှတ်စဉ်(၉)တွင် "သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့်မြို့ပြများ တည်ထောင်ရန်"ဟုလည်း ဖော်ပြထားပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ 2030 Agenda for Sustainable Development လို့ခေါ်တဲ့ ရေရှည်တည်တန့်တဲ့ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၏ အစိတ်အပိုင်းဖြစ်တဲ့ Sustainable Development Goals ရေရှည်တည်တန့်တဲ့ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (၁၇) ချက်ထဲမှ (၁၁)ခုဟာလည်း သဘာဝပတ်ဝန်းကျင်နှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိနေပါတယ်။

ဆိုလိုချင်တာကတော့ ယနေ့ခေတ် စီးပွားရေးကဏ္ဍတွေမှာ သဘာဝပတ်ဝန်းကျင်အကြောင်း မဖြစ်မနေ ထည့်သွင်း စဉ်းစားဖို့ လိုအပ်တယ် ဆိုတာပဲဖြစ်ပါတယ်။ သယံဇာတ ထုတ်ယူရေးမှာလည်း လူမှုဝန်းကျင်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာဆုံးရှုံးမှုများကိုလည်း ထည့်သွင်းတွက်ချက်လာရပြီ ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ သဘာဝပတ်ဝန်းကျင်ကိစ္စဟာလည်း အရေးတကြီး ဖြေရှင်းဆောင်ရွက်ရမည့် အရေးတကြီး ရင်ဆိုင်ရမည့် စိန်ခေါ်မှုတစ်ခုအဖြစ် အထင်အရှားမြင်တွေ့နေရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်ဘဏ္ဍာရေးအရင်းအမြစ်တွေဟာ သဘာဝအရင်းအမြစ်များ ရောင်းချခြင်းအပေါ်မှာ များစွာ မှီတည်လျက်ရှိနေတာကြောင့်ပဲ ဖြစ်ပါတယ်။ ဒေသတွင်း

မတည်ငြိမ်မှုတွေဟာလည်း သယံဇာတ အလွန်အကျွံ ထုတ်ယူမှုတွေကို အားပေးသလိုဖြစ်နေခဲ့တယ်ဆိုတာကို တွေ့ရမှာပဲဖြစ်ပါတယ်။ ဒီလို အဖြစ်အပျက်များကို သေချာလေ့လာကြည့်မယ်ဆိုရင် ဘယ်သူမှ အနိုင်မရရှိပဲ အားလုံးအရှုံးကိုယ်စီဖြစ်ခဲ့ရပြီး Horizontal Inequality လို့ခေါ်တဲ့ ဒေသ၊ အုပ်စုအလိုက် မညီမျှမှုတွေကိုဖြစ်ပေါ်စေခဲ့တာပဲ အဖတ်တင်ပါတယ်။ ဒါပေမယ့် တကယ့် အရှုံးကိုရင်ဆိုင်ရမဲ့သူတွေကတော့ နောင်လာနောင်သား အနာဂါတ်မျိုးဆက် တွေဘဲဖြစ်ပါတယ်။

သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်ပက်သက်ပြီး လက်ရှိမြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု အခြေအနေတွေဟာဆိုရင် လိုအပ်ချက်တွေနဲ့ပြည့်နေသလို၊ စိန်ခေါ်မှုမြောက်များစွာနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကိုလည်း အားလုံး နားလည်လက်ခံထားကြမယ်လို့ ယုံကြည်ပါတယ်။ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုမှတဆင့် ဘက်ဂျက်မမျှတမှုတွေကြောင့် နိုင်ငံတော်ကပေးတဲ့ ကျန်းမာရေး၊ ပညာရေး၊ စတဲ့ လူမှုဖွံ့ဖြိုးရေး ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့အကျိုးရလာဒ်ဟာ တစ်နေရာနှင့် တစ်နေရာ မတူညီတာတွေကို တွေ့နေရတာပဲဖြစ်ပါတယ်။ ဒါတွေကို ညှိနှိုင်းပြီး ပြုပြင်ကြရမှာပဲဖြစ်ပါတယ်။

ပြီးတော့ ကျနော်တို့နိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်ဆီးဆုံးရှုံးမှုများနှင့် စိန်ခေါ်မှုများ ပိုမိုများပြားလာတာကြောင့် ပြည်သူအများ အခက်အခဲများစွာကို ရင်ဆိုင်နေရပါတယ်။ စစ်ပွဲများကြောင့် ပြည်သူများ ဒုက္ခများစွာကို ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် နှစ်စဉ်နှင့်အမျှ နိုင်ငံအတွင်း သဘာဝဘေးဒဏ်သင့်သူများဟာ အခက်အခဲဒုက္ခများစွာကို တိုး၍ ကြုံတွေ့ခံစားနေရတဲ့ ကာလလည်းဖြစ်ပါသည်။ ယခု၂၀၁၆ခုနှစ်တွင် တစ်နိုင်ငံလုံးအတွက် လူသားချင်းစာနာထောက်ထားမှု ရန်ပုံငွေ သန်း၁၉၀ လိုအပ်လျက်ရှိပြီး ယခုအချိန်ထိ ကူညီပံ့ပိုးနိုင်မှု ရာခိုင်နှုန်းမှာ ၄၅ရာခိုင်နှုန်းသာရှိပါသေးတယ်။ အဲ့ဒီအထဲမှာ ရေဘေးသင့်ဒုက္ခသည် လူပေါင်း လေးသိန်းကိုးသောင်းကျော်အတွက်လည်း အပါအဝင်ဖြစ်ပါတယ်။

ဒါကြောင့် ဒီလိုဒုက္ခသည်တွေရဲ့ဘဝမှာ ငြိမ်းချမ်းမှု၊ လုံခြုံမှုတွေလိုအပ်နေပြီးတော့ ကျနော်တို့ ဆွေးနွေးတဲ့အခါမှာလည်း ဒီလိုအခန်းကဏ္ဍတွေကို ဖြေရှင်းဆောင်ရွက်နိုင်မဲ့နည်းလမ်းတွေကိုပါ ထည့်သွင်းဆွေးနွေးနိုင်ဖို့အရေးကြီးပါတယ်။

ယခုလက်ရှိ မြန်မာနိုင်ငံ အခြေအနေမှာ ရာသီဥတုဆိုးရွားမှုကြောင့် ဆုံးရှုံးမှုအများဆုံးဖြစ်တဲ့ ကမ္ဘာ့အဆိုးဆုံး (၁၀)နိုင်ငံတွင် နံပါတ်(၂)နေရာ၊ သစ်တောပြုန်းတီးမှုမှာ နံပါတ် (၄)နဲ့ သစ်ခိုးထုတ်မှုတွင်နံပါတ် (၅)နေရာတွင် ရောက်ရှိနေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိနေရပါတယ်။ အပူချိန်တိုးလာလျှင် ရောဂါဘယထူပြောမယ်၊ ပင်လယ်ရေ မျက်နှာပြင်လည်းမြင့်တက်လာနိုင်ပြီး မြန်မာနိုင်ငံရဲ့ မြစ်ဝကျွန်းပေါ်ဒေသ ၃ပုံ၂ပုံ မှာ ရေအောက်သို့ ရောက်ရှိသွားနိုင်ပါတယ်။

သုတေသနပညာရှင်များရဲ့ လေ့လာသုံးသပ်မှုအရ ကမ္ဘာ့အပူချိန် ၂ ဒီဂရီစင်တီဂရိတ် တိုးတိုင်း ပျမ်းမျှ စိုက်ပျိုးရေးထုတ်ကုန် ၁၀% ကျသွားတယ်လို့ ဆိုပါတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့ မြန်မာနိုင်ငံအတွက် ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ဆက်လက်ကြုံတွေ့လာရမဲ့ ဆုံးရှုံးနစ်နာမှုများကို ခန့်မှန်းသိရှိနိုင်မယ်လို့

ထင်ပါတယ်။ ဒါကြောင့် ရာသီဥတုပြောင်းလဲခြင်းအား လျော့နည်းသက်သာလာစေရေး ဆောင်ရွက်ချက်များ (Mitigation)နှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ ဆောင်ရွက်ချက်များ (Adaptation) တို့ကို တိုင်းရင်းသားဒေသအသီးသီး၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိအောင် မဟာဗျူဟာမြောက် သုံးသပ်ပြင်ဆင် ဆောင်ရွက်ရန် အရေးကြီးပါသည်။

နောင်လာမည့် ဆွေးနွေးပွဲတွေမှာ ပပိုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ရဲ့ အစီအစဉ်ကျာအပြင် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် ပြည်သူများရဲ့အစီအစဉ်ကျာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေတဲ့အချိန်မှာ ပြည်သူတွေလိုလားတဲ့ ဖွံ့ဖြိုးရေးမျိုးကို သိရှိနားလည်ဖို့ဟာလည်း အလွန်အရေးကြီးပါတယ်။ တိုင်းရင်းသားဒေသအသီးသီးမှာ ဆောင်ရွက်ဖို့ လျာထားတဲ့ ဖွံ့ဖြိုးရေးနဲ့ စီးပွားရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုခင်မှာ လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (FPIC) ကဲ့သို့သော ပြည်သူ့ သဘောထားကို တောင်းခံသည့်စနစ်များ ကျင့်သုံးဆောင်ရွက်ခဲ့မယ်ဆိုရင် ပဋိပက္ခကင်းတဲ့ ရေရှည်အကျိုး တည်တံ့တဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံအတွင်းမှာ မျိုးရိုးဗီဇ အရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ရန်နှင့် အကျိုးအမြတ်များကို ထိရောက်စွာ ခွဲဝေခံစားနိုင်ရန်နှင့် စပ်လျဉ်းသည့် ဥပဒေပြုမှုများ နာဂိုရာ နောက်ဆက်တွဲစာချုပ် အကောင်အထည် ဖော်ခြင်းအတွက် တိုင်းရင်းသားမျိုးနွယ်စုများ၏ အသိပညာနှင့် အလေ့အကျင့်ကောင်းများအပေါ် အခြေခံသည့် မြန်မာနိုင်ငံ၏ မျိုးရိုးဗီဇအရင်းအမြစ်များ ခွဲဝေခံစားခြင်းနှင့် အကျိုးအမြတ်များခွဲဝေခံစားခြင်းဆိုင်ရာ မူဘောင်ပေါ်ထွက်လာရေး ရေ့လုပ်ငန်းစဉ်များကိုလည်း ထိရောက်စွာဆောင်ရွက်နိုင်ရန် အရေးကြီးပါတယ်။

မြန်မာနိုင်ငံမှာ မြေယာစီမံခန့်ခွဲမှုဆိုင်ရာပြဿနာတွေကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှာ တွေ့ကြုံနေကြရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ထို့အတူ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဆိုပေမယ့် အ[redacted]င် လယ်သမားများ ကိုယ်ပိုင်လယ်ယာမြေကို နည်းအမျိုးမျိုးနဲ့ ဆုံးရှုံး[redacted]ရပါတယ်။ ဒါကြောင့် မ[redacted]က အ[redacted]ခဲ့တဲ့ အမျိုးသားမြေယာအသုံးချမှု မူဝါဒမှာဖော်ပြထားတဲ့ လမ်းညွှန်ချက်အရ မြေနှင့် သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရာတွင် ပြည်သူများ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ အမျိုးသမီးများနှင့် လုပ်ကွက်ငယ်တောင်သူလယ်သမားတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်တင်အသိအမှတ်ပြု ကာကွယ်ပေးရမည်ဆိုသည့် အချက်များကို အခြေပြုပြီး ထိရောက်တဲ့ အမျိုးသားမြေယာဥပဒေတစ်ရပ် နိုင်နိုင်မာမာပေါ်ထွက်လာနိုင်ဖို့ကို ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတွေမှာဆို တစ်နိုင်တပိုင်လယ်လုပ်သူများကို လယ်ယာမြေခွဲဝေပေးတဲ့ စနစ်နဲ့ တိုးတက်လာခဲ့ကြတာ တွေ့ရပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြချင်တာကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာ ရွေးချယ်စရာမဟုတ် မဖြစ်မနေ ဆောင်ရွက်ရမည့်အရာပဲ ဖြစ်ပါတယ်။ သယံဇာတကြွယ်ဝပြီး ဆင်းရဲနေတဲ့တိုင်းပြည်တွေဟာဆိုရင် ကောင်းမွန်တဲ့ စီမံခန့်ခွဲမှု မရှိတာကြောင့်ဖြစ်တယ်။ ဒါကြောင့် သင့်လျော်တဲ့စီမံခန့်ခွဲမှုတွေအတွက် ကျနော်တို့ အားလုံး ဆွေးနွေးညှိနှိုင်းကြရမှာဖြစ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။